ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်၊ သောကြာနေ့၊ (19-8-2005) (၄၆၉၂)

ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်ရှောင် မြို့နယ် မြို့ကြီးကျေးရွာအနီးရှိ ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ စီမံကိန်း လုပ်ငန်းခွင်ကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးစဉ်။

(ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ပြည်သူ့အကျိုးကို တိုက်ရိုက်ဖြစ်ထွန်း လုပ်ငန်းများအောင်မြင်အောင်၊ ရေရရှိမှုသေချာအောင် ဂရုပြုလုပ်ကိုင်

ရန်ကုန် ဩဂုတ် ၁၈

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ရတနာပုံဈေး တတိယထပ်ရှိ MICT Park သို့ရောက်ရှိရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဌာနဆိုင်ရာများ၊ မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖွင့်လှစ်ခဲ့

ထို့နောက် MICT Park ခန်းမဆောင်၌ မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးသိန်းထွတ်က မန္တလေးမြို့၌ MICT Park ကို ၂၀၀၃ခုနှစ် ဩဂုတ် ၁၆ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျရောက်သည့် ယနေ့တွင် လာရောက်ချီးမြှင့် အားပေးသည့်အတွက် မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းဖြင့် ပဏာမ နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးမြို့ MICT Park ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း ဆောင်ရွက် လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၉-၈-၂၀၀၅
(သောကြာနေ့)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း အရည်အသွေးမီ စက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံအတွင်းရှိ သယံဇာတအရင်းအမြစ်များ၏စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းအပြင် အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်း၊ စက်မှုဇုန်များ၌ ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးခြင်းတို့ဖြင့် ပံ့ပိုးအားပေးလျက်ရှိသည်။

စက်မှုအခြေခံရှိသော ဒေသများ၌ ပုဂ္ဂလိက စက်မှုဇုန်များ တည်ထောင်လုပ်ကိုင်လျက်ရှိသည့်အနက် မုံရွာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် အေးသာယာ(တောင်ကြီး)စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုလုပ်ငန်းနှင့် ပုံလောင်းပုံထောင်း သံခုတ်စား လုပ်ငန်းများ ပေါ်ထွက်လာကာ လုပ်ငန်းများ စတင်လည်ပတ်နေကြပြီဖြစ်သည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်နေ့က စစ်ကိုင်းတိုင်းရှိ မုံရွာစက်မှုဇုန်နှင့် မန္တလေးတိုင်းရှိ မန္တလေးစက်မှုဇုန်တို့သို့ သွားရောက်၍ ခေတ်မီသံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မုံရွာစက်မှုဇုန်သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာများ၊ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ **တစ်ဖက်မှ စက်ပစ္စည်းအစိတ်အပိုင်းများကို အရည်အသွေးရှိရှိ စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ရောင်းချလုပ်ကိုင်ရင်း၊ တစ်ဖက်မှလည်း ပိုမိုတိကျသေချာသော၊ အနုစိတ်နိုင်သည့် ခေတ်မီစက်ပစ္စည်းကိရိယာများကို ထပ်မံတပ်ဆင်ပြီး လုပ်ငန်းအဆင့်အတန်းကို မြှင့်တင်နိုင်ရန် လိုကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အုံနှင့်ကျင်းနှင့် တစ်ပြိုင်တည်း တိုးတက်လာမှသာ နိုင်ငံတော်၏ စက်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနိုင်ငံတော်အဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ကြောင်း** မှာကြားသွားသည်။

မုံရွာစက်မှုဇုန်နှင့် မန္တလေးစက်မှုဇုန်တို့၌ နိုင်ငံတော်၏ အားပေးမှုဖြင့် ခေတ်မီ သံရည်ကျိုစက်ရုံများနှင့် သံပုံထောင်း အလုပ်ရုံများကို တည်ထောင်ထားရှိပြီးဖြစ်ရာ လယ်ယာလုပ်ငန်းသုံး သံထည်ပစ္စည်းများနှင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ မှာကြားအပ်နှံသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ အဆိုပါစက်မှုဇုန်များမှ သုံးဘီးမော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

စက်မှုဇုန်များ၌ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် လုပ်ငန်းများနှင့် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ခေတ်မီသံထည်ပစ္စည်း ကိုင်တွယ်မှု နည်းပညာများ ရရှိအသုံးပြုလာနိုင်သည်နှင့်အမျှ နီးနွယ်ဆက်စပ်နေသည့် စက်ပစ္စည်းထုတ်လုပ်သော အခြားစက်မှုလုပ်ငန်းငယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းကဲ့သို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အုံနှင့်ကျင်းနှင့် တစ်ပြိုင်တည်း တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ခေတ်မီနိုင်ငံတော်အဆင့်ကို တက်လှမ်းရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ပူးပေါင်းလုပ်ကိုင်ရင်း အရည်အသွေးမီ စက်ပစ္စည်းများ စံချိန်စံညွှန်းကောင်းကောင်းဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး အားသွန်ကြိုးပမ်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးသို့ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ ခုနှစ် တတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော စေတနာ စာသင်ဝိုင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မေမာလာနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က ၂၀၀၄ ခုနှစ် နှစ်ပတ်လည်ကာလအတွင်း ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆု ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများနှင့် ကျန်းမာရေးထူးချွန်ဆု၊ ပညာရေးထူးချွန်ဆုနှင့် လူမှုရေးလှုပ်ရှားမှု ထူးချွန်ဆုများ ရရှိကြသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက အသင်း၏ လှုပ်ရှားမှုများတွင် စိတ်ပါဝင်စားစွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်စမ်းစမ်းအေးက အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ခန်းမအတွင်း ပြသထားသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မြတ်သူက ၂၀၀၄ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်သီတာမင်းက ငွေစာရင်း ရှင်းတမ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း ဆက်သွယ်ရေးလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်ရေးအဆင့်မြှင့်တင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်မြို့သို့ ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့်အတူ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိပြီး ပြုပြင် တည်ဆောက်လျက်ရှိသော သမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိသုတာရာမ တိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိပါလအား သွားရောက်ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေး အော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် တန့်ကြည့်တောင် ဆံတော်ရှင်စေတီတော်မြတ်အား ဖူးမြော်ကြည်ညို၍ တန့်ကြည့်တောင် မိုက္ကရိုဝေ့ဗ်စခန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ကံမမြို့ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး မှာကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၁၄ ရက်တွင် ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဧရာဟိုတယ်နှင့် သရပါဟိုတယ်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုပ္ပား Resort သို့ ရောက်ရှိပြီး ဟိုတယ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် ဩဂုတ် ၁၅ ရက်တွင် မကွေးတိုင်း နတ်မောက်မြို့သို့ ရောက်ရှိပြီး မိုက္ကရိုဝေ့ဗ်စခန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်တပ်ဆင်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ဆက်သွယ်ရေး အဆင့်မြှင့်တင်ရန် စီစဉ်မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ်မြို့အနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၃၀၈ ရှိ ခရီးသွားအဆင့်မြင့် နားနေဆောင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကျောင်းကျန်းမာရေးသီတင်းပတ် ဆောင်ရွက်မှုများ ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ဩဂုတ် ၁၅ ရက်မှ ၂၀ ရက်အထိ သတ်မှတ်ထားရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် ငါးရပ်ကို ဆောင်ရွက်လျက်ရှိကြသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက် ၉ နာရီတွင် တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျန်းမာရေး ပညာပေးဗီဒီယိုပြသမှု၊ ထမင်းဘူးစနစ် အာဟာရစားသုံးနေမှု၊ ကျန်းမာရေး စစ်ဆေးမှု၊ ကျောင်းကျန်းမာရေး သီတင်းပတ်ကာတွန်းပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးရေး၊ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ရေး၊ စည်းကမ်းလိုက်နာရေးနှင့် ပညာကြိုးစားသင်ယူရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ကျောင်းကျန်းမာရေး ပညာပေးပြခန်း၌ ပြသထားသော ကျောင်းကျန်းမာရေး လုပ်ငန်းစဉ် ငါးရပ် ပြကွက်များကို လှည့်လည်ကြည့်ရှုရာ ကျောင်းသား၊ ကျောင်းသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများအား အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်းနှင့် သွေးအုပ်စု ခွဲခြားခြင်းတို့ကို လည်းကောင်း၊ အာဟာရအလှူရှင်၏ နို့သာဂူ ကျွေးမွေးမှုကို လည်းကောင်း၊ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါ ကျောင်းခန်းမ၌ ပြသထားသော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြခန်းကို လှည့်လည်ကြည့်ရှုရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် ငါးရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်ဆိုင်ရာများကို မေးမြန်းဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် အဆိုပါကျောင်း၏ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများအား သွေးအုပ်စုခွဲခြားခြင်း၊ အရပ်တိုင်းခြင်းနှင့် ကိုယ်အလေးချိန် ချိန်ခြင်းတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအား သွေးအုပ်စုခွဲခြားခြင်း၊ အရပ်တိုင်းခြင်းနှင့် ကိုယ်အလေးချိန် ချိန်ခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါကျောင်းခန်းမ၌ ပြသထားသော ကျောင်းကျန်းမာရေး လုပ်ငန်းစဉ် ငါးရပ် ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ရေး၊ စည်းကမ်းလိုက်နာရေးနှင့် ပညာကြိုးစား သင်ယူရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများအား အာဟာရ အစားအစာ ကျွေးမွေးနေမှု၊ ကျန်းမာရေးဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကာတွန်းရေးဆွဲမှုပြိုင်ပွဲ၊ ကျန်းမာရေးပညာပေး ဗီဒီယိုပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီးများ ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။
(ပညာရေး)

တောင်ဥက္ကလာပမြို့နယ် ကျောင်းကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် အမက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းနှင့် ဆရာမများ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။
(ကြေးမုံ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသိန်းအောင် ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁) စက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးစိုး ဒုတိယပါမောက္ခချုပ် မြစ်ကြီးနားတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မြစ်ကြီးနားတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

မဟာသရဏဂုံတော်ကြီး သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၁၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး စီရင်ပူဇော်အပ်သော မဟာသရဏဂုံတော်ကြီး သင်တန်းကို ဩဂုတ် ၂၇ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂နာရီခွဲအထိ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်၊ ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီး၌ ပို့ချမည်ဖြစ်ရာ ဖုန်း– ၃၈၇၃၆၁ သို့ဆက်သွယ်စာရင်းသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ကမ္ဘာ့ရွာ စာအုပ်ထုတ်ဝေ



ရန်ကုန် ဩဂုတ် ၁၈

စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ "ဒို့ကျေးရွာ ဂျာနယ်"တွင်ဖော်ပြခဲ့သောခေါင်းကြီးများနှင့် ဖတ်စရာ၊ အလင်းတန်း၊ ကနောင် စသည့် ဂျာနယ်များတွင် ရေးသားခဲ့သည့် ဆောင်းပါး ၁၇ ပုဒ်ကို စုစည်းပြီး "ကမ္ဘာ့ရွာ"အမည်ဖြင့် စာအုပ်ကို နိုင်စာပေမှ တန်ဖိုး ကျပ် ၅၀၀ ဖြင့် ထုတ်ဝေလိုက်သည်။

စာရိတ္တသည် တန်ခိုးတည်း၊ ကိုယ်ကျင့်တရားအမွေ၊ စိတ်ချမ်းသာနည်းစသော ခေါင်းစဉ်များဖြင့် လူငယ်များ သိသင့်သိထိုက်သည့် ဗဟုသုတတို့ကို ချိုသာပြေပြစ်စွာ အကြောင်းအကျိုးဆက်စပ် တင်ပြထားသည်။ **(အပေါ်ပုံ)**

နိုင်စာပေ၊ အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်းမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

တောင်တွင်းကြီးမြို့ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ကျောင်းဆောင်သစ်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပရာ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးစံသိန်း၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် မိဘဆရာအသင်း ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးတို့က အမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် အစည်းအဝေးက မိဘဆရာအသင်းအမှုဆောင်များကို ရွေးချယ်ကြရာ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဦးစန်းမြင့်က အမှာစကား ပြောကြားပြီး ငါးခန်းတွဲနှစ်ထပ်ဆောင် ကျောင်းဆောင်သစ်အတွက် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဆရာဝန်ကြီး ဒေါ်မြင့်မြင့်သိန်း၊ ကျောင်းအုပ်ဆရာကြီး ဦးစောဖရင့်အော့ဝေး ဦးဆောင်၍ သွေးအုပ်စုခွဲခြင်း၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ သူငယ်တန်းကလေးများအား အာဟာရကျွေးခြင်း၊ သံချဆေးများ တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးပြခန်းများ ပြသရှင်းလင်းစဉ်။
(၆၂)

မူးယစ်ဆေးဝါးကိစ္စတွင် ဝေဖန်ကန့်ကွက်နေရုံဖြင့် မပြီးနိုင် မက္ကဆီကိုနှင့် လက်တွဲဆောင်ရွက်ရန် ဖောက်စ်တိုက်တွန်း

မက္ကဆီကိုစီးတီး ဩဂုတ် ၁၇

မက္ကဆီကိုသမ္မတ ဖောက်စ်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် မိမိအစိုးရ၏ မအောင်မြင်မှုအပေါ် အမေရိကန်ပြည်ထောင်စုက ဝေဖန်ကန့်ကွက်နေခြင်းကို ရပ်တန်းကရပ်ရန် အင်္ဂါနေ့တွင် တိုက်တွန်းလိုက်ပြီး အမေရိကန်တို့အနေဖြင့် ကန့်ကွက်ပြောဆိုနေမည့်အစား အင်အားကြီးမားသော မူးယစ်ဆေးဝါးဂိုဏ်းများအား တိုက်ဖျက်ချေမှုန်းရာတွင် ၎င်းနှင့်လက်တွဲဆောင်ရွက်ရန် နှိုးဆော်လိုက်သည်။

အမေရိကန်-မက္ကဆီကို နယ်စပ်တစ်လျှောက်တွင် မူးယစ်ဆေးဝါးဆိုင်ရာ အကြမ်းဖက်မှုများ အဆက်မပြတ်ဖြစ်မှုကို မက္ကဆီကိုနိုင်ငံက ဟန့်တားမပေးနိုင်ကြောင်း သမ္မတဘုရှ်၏ အမေရိကန်အစိုးရက ပိုမိုဝေဖန်ပြောဆိုလာပြီး နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်ရှိ အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်များကလည်း ယင်းကိစ္စကို ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်ရန် တောင်းဆိုလာသည်။

ပြဿနာများရှိ

အမေရိကန် ပြည်ထောင်စုအနေဖြင့် မက္ကဆီကိုနိုင်ငံကဲ့သို့ပင်မူးယစ်ဆေးဝါးနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သည့် ပြဿနာများရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း ကိုယ့်အပိုင်းမှ ကိုယ်လုပ်ကိုင်နေကြောင်း မက္ကဆီကိုသမ္မတ ဖောက်စ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

တိုက်တွန်း

သမ္မတဘုရှ်၏ ဗဟိုအစိုးရဖြစ်စေ၊ သို့မဟုတ် အမေရိကန်ပြည်နယ် အစိုးရဖြစ်စေ ပြဿနာများကို ထောက်ပြနေမည့်အစား မိမိတို့နှင့် လက်တွဲဆောင်ရွက်ရန်မိမိတိုက်တွန်းလိုကြောင်း၊ ယင်းသည်သာမူးယစ်ဆေးဝါးနှိမ်နင်းရေးတွင်အောင်မြင်နိုင်သည့်တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း၊ အမေရိကန်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးများ လိုမ့်ဝင်မှုကို တားဆီးနိုင်ခြင်း မရှိကြောင်း၊ နယ်စပ်ဖြတ်ပြီး ဝင်လာသော မူးယစ်ဆေးဝါးအားလုံး သုံးစွဲသူဈေးကွက်သို့ မည်သို့မည်ပုံ ရောက်ရှိသွားသလဲ၊ ဘာလုပ်နေကြသလဲဟု မေးစရာဖြစ်ကြောင်းဖြင့် မက္ကဆီကိုသမ္မတ ဖောက်စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထူးဆန်းသော တွားသွားသတ္တဝါ လော့စ်အိန်ဂျလိစ် ရေကန်၌ တွေ့ရှိ

လော့အိန်ဂျလိစ် ဩဂုတ် ၁၇

လော့အိန်ဂျလိစ်မြို့စွန် ဥယျာဉ်တစ်ခု၏ ရေကန်၌ ထူးဆန်းသော တွားသွားသတ္တဝါပုံသဏ္ဍာန် တိရစ္ဆာန်တစ်ကောင်ကို တွေ့ရှိခဲ့သည်။ အဆိုပါ တွားသွားသတ္တဝါ ဖမ်းသူများသည် နှစ်စီးတွဲလှေကို အသုံးပြု၍ ကြက်သားစိမ်းဖြင့်ထောင်၍ လိုက်လံဖမ်းရာ ရက်သတ္တပတ်မျှ ရှိပြီဖြစ်သော်လည်း မမိသေးကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

လော့အိန်ဂျလိစ်မြို့စွန် ဟာဘိုမြို့ပန်းခြံတစ်ခု၏ ရေကန်၌ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့တွင် အရှည်ငါးပေရှိ အဆိုပါသတ္တဝါကို ပထမဆုံးတွေ့မြင်ခဲ့ခြင်းဖြစ်သည်။

ထိုသတ္တဝါသည် တောင်အမေရိကမိကျောင်းမျိုးနွယ်ဖြစ်သော ကာမန်ခေါ် သတ္တဝါမျိုး ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ အိမ်တွင် အဆိုပါသတ္တဝါကို မွေးထားပြီး အကောင်ကြီးလာသောအခါ လာရောက်လွှတ်ထားခြင်း ဖြစ်နိုင်ကြောင်း ပန်းခြံမှတာဝန်ရှိသူများက ပြောကြားသည်။

၅၃ ဧကကျယ်သော အဆိုပါရေကန်တွင် ထိုသတ္တဝါကို ပိုက်စိပ်တိုက်ရှာဖွေရန်အတွက် ရဲများ၊ မီးသတ်သမားများ၊ ပန်းခြံစောင့်များ၊ ငါးဖမ်းသမားများနှင့် ဒေသဆိုင်ရာ တွားသွားသတ္တဝါပညာရှင်များပင် လာရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ ထိုသတ္တဝါကိုရှာဖွေရန် ပိုက်ကွန်များဖြင့် လှေ၏ဘေးတစ်ချက်တွင် ကြက်သားအစိမ်းများကိုချိတ်၍ ထောင်ဖမ်းရန် ပြုလုပ်ခဲ့ကြ သည်။ အဆိုပါ သတ္တဝါ၏သတင်းသည် ပျံ့နှံ့သွားပြီး လာရောက်ကြည့်ရှုသူ ရာပေါင်းများစွာရှိသည်။

စီစဉ်ထား

အဆိုပါ သတ္တဝါကို ဖမ်းမိပါက လော့အိန်ဂျလိစ် တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့ရန်ပန်းခြံတာဝန်ရှိသူများက စီစဉ်ထားကြသည်။ သို့သော် ထိုသတ္တဝါကို ပိုက်ကွန်ဖြင့် ဖမ်းသော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ဒေသတွင်း ငါးဖမ်းသမားတစ်ဦးသည် ပိုက်ကွန်ထဲတွင် ဂျုံနှင့်ပြောင်းရောစပ်ထားသောပေါင်မုန့်ပြားအသုံးပြု၍ ထောင်ဖမ်းခဲ့ရာ ခဏတာမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါသတ္တဝါသည် မယုံကြည်နိုင်လောက်အောင် အလွန်လျင်မြန်ကြောင်း ဂျာရွှန်လူကက်စ်ဒေသ အနောက်တောင်ဘက် တွားသွားသတ္တဝါ ပညာရှင်အဖွဲ့က ကေအေဘီစီ ရုပ်သံဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆာမာရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ မြောက်ပိုင်းဆာမာရာမြို့တွင် ကြာသပတေးနေ့နံနက်ပိုင်းက လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားကြောင်း စစ်ဘက်မှလာသောသတင်းများက ဆိုသည်။

- ဖော်ပြထားခြင်းမရှိ -

သေဆုံးသွားသော တပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်၍ သေဆုံးသူများ၏အမည်ကို ဖော်ပြထားခြင်းမရှိကြောင်းသိရသည်။

ဆာမာရာမြို့သည် အမေရိကန်တပ်ဖွဲ့များကို ဆန့်ကျင်သူများ ပေါများသော ဒေသဖြစ်ပြီး ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းကီလိုမီတာ ၁၁၀အကွာတွင် တည်ရှိသည်။

- သေဆုံးသူ -

အမေရိကန်တို့ ၂၀၀၃ခုနှစ်မတ်လတွင် အီရတ်ကို ကျူးကျော်တိုက်ခိုက်သည့်အချိန်မှ ယနေ့ကာလအထိ ထိုနိုင်ငံတွင် သေဆုံးရသူ ကန်တပ်ဖွဲ့ဝင်ဦးရေစုစုပေါင်းမှာ ၁၈၅၀ ကျော်သွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကန်တပ်ဖွဲ့က အီရတ်ကလေးငယ်များကို ဓားစာခံဖမ်း ခုခံရေးသမားများကို ပေးအပ်ရန်တောင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံမြောက်ပိုင်းရှိ နယ်စပ်ဒေသမြို့တစ်မြို့တွင် အီရတ်ကလေးငယ်များကို အမေရိကန်တပ်ဖွဲ့ဝင်များက ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ခုခံတိုက်ခိုက်သူ ဆန့်ကျင်ရေးသမားများအား ထုတ်ပေးရန် အကျပ်ကိုင်သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများအရ သိရသည်။

အခင်းအဖြစ်ပွားသောနေရာမှာ ဘေဂျီမြို့အနီးရှိ မဇ္ဇရာကျေးရွာတွင်ဖြစ်သည်။ အဆိုပါကျေးရွာကို ပြီးခဲ့သော အင်္ဂါနေ့က ကန်တပ်ဖွဲ့များက ဝိုင်းလိုက်ကြပြီး အီရတ်ကလေးငယ်များကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။ ထိုကလေးများကိုဖမ်းဆီးထားပြီး ရွာတွင်း၌ကျန်ရှိနေသေးသော ကျန်ကလေးများကို လာရောက်အပ်နှံရန် အသံချဲ့စက်မှတစ်ဆင့် အမိန့်ပေးခဲ့ကြသည်။ ဖမ်းဆီးခံထားရသောကလေးများသည် အသက် ၁၀နှစ်အောက်ကလေးများပင် ပါသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နှစ်ဦးအား ဗြိတိသျှတပ်ဖွဲ့ကဖမ်းဆီး နှိပ်စက်ညှဉ်းပန်းပြီး ပြန်လွှတ်ပေး

လန်ဒန် ဩဂုတ် ၁၇

ဗြိတိသျှတပ်ဖွဲ့များသည်အီရတ်အကျဉ်းသားများကို မဖွယ်မရာ နှိပ်စက်ကလူပြုကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

နှိပ်စက်ခံရသူ အကျဉ်းသားနှစ်ဦးမှာ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့မှ မာဟတ်နှင့် အက်စ်အတ်ဇာအတ် အလ်ဆင်္ဂဟီတို့ဖြစ်သည်။ အီရတ်စစ်ပွဲဖြစ်စအချိန်က ထိုညီအစ်ကိုနှစ်ဦးအိမ်သို့ ဗြိတိသျှတပ်ဖွဲ့များရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးကိုဖမ်းဆီးကြသည်။ မိသားစုပိုင်ကားကို သိမ်းဆည်းလိုက်ပြီး ငွေများကိုယူသွားကာ ညီအစ်ကိုနှစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ထိုနှစ်ဦးက ပြောကြားခဲ့သည်။

ဖမ်းဆီးထားစဉ်အတွင်း ရိုက်နှက်နှိပ်စက်ခြင်း၊ မအိပ်ရအောင် ညှဉ်းပန်းပြီး ရေသောက်ခွင့် မပေးခြင်း၊ ဦးခေါင်းပေါ်သို့ ကျင်ငယ်ရေဖြင့်လောင်းခြင်း စသည့်နည်းများဖြင့် နှိပ်စက်ကြကြောင်း ၎င်းတို့ကပြောကြားခဲ့ကြသည်။ ယခုအခါ ၎င်းတို့နှစ်ဦးစလုံးမှာ အီရတ်နိုင်ငံတောင်ပိုင်းရှိ အွမ်ကာဆာအကျဉ်းစခန်းတွင် ချုပ်နှောင်ထားရာမှ ပြန်လည်လွှတ်မြောက်လာကြောင်းသိရသည်။

အရိုက်နှက်ခံရရာတွင် မေ့မြောနေသည်ထိရိုက်နှက်ခံရပြီး တစ်စုံတစ်ရာ စွဲချက်တင်ခြင်းမရှိဘဲ ပြန်လည်လွှတ်ပေးလိုက်ကြောင်း သတင်းများက ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ ဓာတုဗေဒစက်ရုံတစ်ရုံအတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေနေသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျောက်ဆုံးနေသည့် တောင်တက်သမားများကို အီရန်ကယ်ဆယ်ရေးတပ်ဖွဲ့များက ပိုက်စိပ်တိုက်ရှာဖွေ

တီဟီရန် ဩဂုတ် ၁၇

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပိတ်မိနေသည့် တောင်တက်သမား ၁၁ ဦး ပါသောအဖွဲ့အား ကယ်ဆယ်ရေးလုပ်သားများက အီရန်မြောက်ပိုင်းရှိ တောအုပ်များနှင့် တောင်ကြားလမ်းများတွင် တနင်္လာနေ့က ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိပြီး ၎င်းအဖွဲ့မှ လူခုနစ်ဦးထက်မနည်း သေဆုံး ဖွယ်ရှိကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်၃၀၀ ခန့်သည် အနံ့ခံခွေးများ အသုံးပြု၍ ပျောက်ဆုံးနေသည့် တောင်တက်သမားလေးဦးကိုမက်ဇန်ဒါရန်ပြည်နယ်အတွင်း ရှာဖွေလျက်ရှိသည်။

ဒေသခံကျေးရွာမှ ရွာသားများက တောင်တက်သမားများအားအချိန်ဆိုင်း၍ထွက်ခွာရန် သတိပေးသော်လည်း တောင်တက်သမားများက မလိုက်နာ၍ အင်ဒါဆမ်တောင်ကြားတွင် ပိတ်မိနေကြခြင်းဖြစ်သည်ဟု ဘေးအန္တရာယ်ထိန်းချုပ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်နစ်ဂျူးက ပြောကြားသည်။

အီရန်နိုင်ငံတွင်မိုးသည်းထန်စွာရွာသွန်းပြီး ရေလျှံမှုဖြစ်ပွားသဖြင့် လူ ၄၀ ကျော်သေဆုံးခဲ့ကာ အီရန်မြောက်ပိုင်းဒေသတွင် နေအိမ်များမှ လူရာချီ၍ ယခုလအတွင်း ရေမျောကုန်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်တွင်ဗုံးပေါက်ကွဲ တစ်ဦးသေ၊ တစ်ရာကျော်ထိခိုက်

ဒါကာ ဩဂုတ် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ၆၄ခရိုင်အနက် ၅၈ခရိုင်တွင် ဗုဒ္ဓဟူးနေ့က တစ်ပြိုင်တည်းနီးပါးဗုံးများတသီတတန်းပေါက်ကွဲမှုများကြောင့် လူတစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားလူ ၁၁၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မြို့တော် ဒါကာရှိ နေရာအများစုတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရုပ်မြင်သံကြားက ဖော်ပြသည်။

ချိန်ကိုက်ဗုံး ၃၅၀ တစ်ပြိုင်တည်းနီးပါး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ပုဂ္ဂလိက ရုပ်မြင်သံကြားက ကြေညာသည်။ လုံခြုံရေးတပ်ဖွဲ့များက မပေါက်ကွဲသေးသည့် ဗုံးအများအပြားကို ရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုသည်။

ဒါကာမြို့တော်တွင်ဇီယာနိုင်ငံတကာလေဆိပ်၊ အမျိုးသား သတင်းစာဆရာကလပ်၊ တရားရုံးချုပ်နှင့် ဒါကာတက္ကသိုလ်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံတွင် အလုပ်သမားများ လုပ်ငန်းခွင်ဝင်နေသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုချိုင်းနားတွင် ရေကြီးမှုကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံး ကောက်ပဲသီးနှံနှင့် ခရီးသွားလုပ်ငန်းထိခိုက်

ဗန်ကောက် ဩဂုတ် ၁၇

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင် ရက်တရက်ရေကြီးမှုများဖြစ်ခဲ့ရာ လူဒါဇင်ပေါင်းများစွာ သေဆုံးပြီး လူထောင်ပေါင်းများစွာမှာလည်း ဘေးလွတ်ရာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ အဆိုပါ ရေကြီးမှုကြောင့် ခရီးသွားလုပ်ငန်းတွင် ဝင်ငွေများ ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးပြီး လယ်ယာကောက်ပဲသီးနှံများလည်း ပျက်စီးခဲ့ရသည်။

ဗီယက်နမ်မြောက်ပိုင်းနှင့် ကုန်းမြင့်ဒေသအလယ်ပိုင်းတို့တွင် လွန်ခဲ့သော ရက်သတ္တပတ်က ရေကြီးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၇ ဦး သေဆုံးခဲ့ပြီး ရာသီချိန်ခါမဟုတ်ဘဲ ရေကြီးမှုများကြောင့် မဲခေါင်မြစ်ဝှမ်းဒေသ တောင်ဘက်၌ ကြာသပတေးနေ့တွင် မြစ်ရေသည် စိုးရိမ်အမှတ်သို့ ရောက်ရှိနိုင်ဖွယ်ရှိသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့တွင် မုန်တိုင်းကြောင့် မိုးသည်းစွာရွာသွန်းခဲ့သည်။ ထိုမိုးရွာသွန်းမှုကြောင့် နီအန်ပြည်နယ်အလယ်ပိုင်းတွင် နှစ်ရက်ကြာ ရေကြီးမှုဖြစ်ခဲ့ပြီး ကလေးခြောက်ဦးအပါအဝင် လူ ၁၃ ဦး သေဆုံးခဲ့သည်ဟု ဗီယက်နမ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

ဟန္နိုင်းမြို့အနောက်တောင်ဘက် မိုင် ၁၁၀ အကွာ မြောက်ဘက်တောင်တန်း ရန်ဘိုင်ပြည်နယ်တွင် ရက်တရက် ရေကြီးလာခြင်းကြောင့် ပြီးခဲ့သော သောကြာနေ့က လူနှစ်ဦး ရေထဲသို့ မျောပါသွားခဲ့သည်။

ထိုနေ့တွင် ဟိုချီမင်းမြို့မြောက်ဘက် မိုင် ၃၄၀ အကွာ ကွန်တွမ်ပြည်နယ် အလယ်ပိုင်း ကုန်းမြင့်ဒေသတွင် ရေကြီးလာခြင်းကြောင့် လယ်ယာလုပ်ကိုင်နေသော လယ်သမားနှစ်ဦးလည်း သေဆုံးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ အရှေ့ဘက် ကွမ်ပွန်ချမ်ပြည်နယ်တွင် ရေကြီးလာခြင်းကြောင့် ကလေးသုံးဦးသည် ဘေးလွတ်ရာကုန်းမြင့်ဒေသသို့ လှေဖြင့် သွားရောက်စဉ် လေပြင်း တိုက်ခတ်ခဲ့သည့်အတွက် ၎င်းတို့၏လှေမှောက်ပြီး သေဆုံးခဲ့သည်။ ကလေးငယ်တစ်ဦး၏ ဖခင်သည် အဆိုပါ ကလေးတို့ကို ကယ်ဆယ်ရန် ကြိုးစားစဉ် ၎င်းမှာလည်း ရေထဲသို့ မျောပါသွားခဲ့သည်။

မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသတစ်လျှောက်ရှိ ပြည်နယ်သုံးခုတွင် မြစ်ရေကြီးခြင်းသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ မြစ်ရေကြီးခြင်းကို ကာကွယ်နိုင်ရန်အတွက် သဲအိတ်များဖြင့် ကာရံခြင်းများ၊ မြေနိမ့်ဒေသများရှိ လူများနှင့် တိရစ္ဆာန်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းများ လျင်မြန်စွာ ဆောင်ရွက်ခဲ့ကြောင်း ဖုန်ပန်ဒေသ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ရေကြီးမှုကြောင့် ပျက်စီးသွားသော ပစ္စည်းများကို ယခုတိုင် သယ်ဆောင်နေရဆဲဖြစ်သည်။ အဆိုပါ ရေကြီးမှုသည် ဆယ်စုနှစ်တွင် အဆိုးရွားဆုံးဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ဘက် ပြည်နယ်ခြောက်ခုတွင် ရက်တရက် ရေလွှမ်းမိုးမှုဖြစ်ခြင်းကြောင့် လမ်းများနှင့် တံတားများ ပျက်စီးခဲ့ပြီး ပြည်သူ ၉၀၀၀၀ တို့အတိဒုက္ခရောက်ပြီး ခြောက်ဦး သေဆုံးခဲ့သည်။ အဆိုပါ ရေကြီးသည့်နေရာများတွင် ခရီးသွားလုပ်ငန်းအတွက် ထင်ရှားကျော်ကြားသော ချင်းမိုင်မြို့မြောက်ဘက်လည်း ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံ ကျေးရွာ၌ ဆင်သောင်းကျန်း

ကိုလံဘို ဩဂုတ် ၁၇

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် အင်္ဂါနေ့က ဆင်တစ်ကောင်က ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦး သေဆုံးသွားပြီး အိမ်ခြေအများအပြား ပျက်စီးခဲ့သည်။ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ရသည်။

ပို့ဆောင်

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းရှိ အမ်ပါရာခရိုင်တွင် ဆင်နင်းခံရသဖြင့် ယခုနှစ်အတွင်း လူကိုးဦးသေဆုံးခဲ့ရပြီဖြစ်သည်။ ယင်းအဖြစ်အပျက်ကြောင့် အာဏာပိုင်များက ဆင်အကောင် ၁၂၀ ကို သီရိလင်္ကာ အမျိုးသားပန်းခြံအတွင်းသို့ ပို့ဆောင်ခဲ့သည်။

ဆင်တစ်ကောင်က အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့အား သတ်ဖြတ်ခဲ့သည်ဟု အမ်ပါရာ၊ ဘက်တီလီကာဘာနှင့် ထရင်ကိုမာလီ ခရိုင်များမှ ဒုတိယရဲစစ်ဆေးရေးမှူးချုပ် ရီဟန်က ပြောကြားသည်။

ဆင်က ယင်းဒေသမှ အိမ်ခြေများကို အတင်းဝင်ရောက် ဖျက်ဆီးခဲ့သဖြင့် ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ရသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်-ပြင်သစ် ပင်လယ်ရေအောက်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင်တွင် မီးလောင်မှုဖြစ်ပွား

လန်ဒန် ဩဂုတ် ၁၇

အင်္ဂလိပ်နှင့်ပြင်သစ် မြန်နှုန်းမြင့် ပင်လယ်ရေအောက် ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်တွင် ဩဂုတ် ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးမှာ အကြီးအကျယ်ဒဏ်ရာရရှိခဲ့ပြီး အခြားတစ်ဦးမှာ သေဆုံးသွားသည်ဟု ယူဆရကြောင်း ကယ်ဆယ်ရေးအဖွဲ့များထံမှရရှိသော သတင်းကဆိုသည်။

အခင်းဖြစ်ပွားသော ပင်လယ်ရေအောက် ဥမင်ရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်သည် လန်ဒန်မြို့ အရှေ့တောင်ဘက် ကင့်အရပ်တွင် တည်ရှိသည်။ မီးလောင်မှုဖြစ်ပွားသည့် အရှည် ၆၈ မိုင်ရှိသော ရေအောက်ဥမင် ဖောက်လုပ်ရေး လုပ်ငန်းခွင်တွင် မီးငြိမ်းသတ်ရန် မီးသတ်သမားပေါင်း ၅၀ ကျော်တို့၏ အကူအညီကို ရယူခဲ့ရသည်။

ယခုအခါ မီးကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ အလုပ်ခွင်မှ လူတစ်ဦးကို ပြင်းထန်သော မီးလောင်ဒဏ်ရာဖြင့် ဆေးရုံတင်ခဲ့ရပြီး မီးလောင်သေဆုံးသွားသည်ဟု ယူဆရသော အခြားတစ်ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း ကင့်မီးသတ်နှင့် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေအောက် ဥမင်ရထားလမ်း မီးလောင်မှုတွင် မီးအကြီးအကျယ် လောင်ကျွမ်းခံရသူများ ရှိခဲ့ကြောင်း၊ ယင်းအဖြစ်အပျက်ကြောင့် လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရေး ကိစ္စကို ထိခိုက်နိုင်ခြင်းရှိ၊ မရှိ မသိရသေးကြောင်း အဆိုပါ ဥမင်တည်ဆောက်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ သူမက လုပ်ငန်းခွင် အဖြစ်အပျက် အခြေအနေ အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။

မီးလောင်မှု အဘယ်ကြောင့် ဖြစ်ပွားရသည်ဆိုသော အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာများကဆိုသည်။

ဖွင့်လှစ်

ပင်လယ်ရေအောက် ဥမင်မီးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ဗြိတိသျှ အင်ဂျင်နီယာ စီမံကိန်းများအနက် အကြီးကျယ်ဆုံးသော စီမံကိန်းတစ်ခုဖြစ်သည်။ ထိုရထားလမ်းကို ၂၀၀၇ ခုနှစ်တွင် ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆိုက်ဘေးရီးယားတွင် ကြက်ငှက်တုပ်ကွေးကျရောက် ဥရောပသို့ ကူးစက်ပျံ့နှံ့နိုင်

မော်စကို ဩဂုတ် ၁၇

ဒေသတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းပျံသန်းလေ့ရှိသော ငှက်များသည် လူကိုသေစေနိုင်သော ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို လာမည့်လအနည်းငယ်အတွင်း ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများဆီသို့ ပျံ့နှံ့သွားစေရန် သယ်ဆောင်သွားစရာ အကြောင်းများရှိနေသည်ဟု ရုရှားနိုင်ငံက ဩဂုတ် ၁၅ ရက်တွင် သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မကြာသေးမီအချိန်အထိ ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ရုရှားနိုင်ငံ၏ အလှမ်းကွာဝေးသော ဆိုက်ဘေးရီးယားဒေသ ငါးနေရာ၌သာ ပျံ့နှံ့နေသည့် အခြေအနေကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ သို့ရာတွင် ဩဂုတ် ၁၅ ရက်မှစ၍ ထိုရောဂါသည် ရုရှားနိုင်ငံ၏ စက်မှုမြို့ဖြစ်သော ချယ်လ်ရာဘင်စကီးဆီသို့ ပျံ့နှံ့လာခဲ့သည်။ ထိုအရပ်သည် အာရှနှင့် ဥရောပတိုက်ကို ပိုင်းခြားထားရာ ယူရယ်လ်တောင်တန်းကြီးများ တည်ရှိရာ အရပ်ဖြစ်သည်။ ယခုအခါ ကြက်ငှက်တုပ်ကွေးသည် ယင်းဒေသကို ကျော်လွန်၍ အနောက်ဘက်ဆီသို့ ဆက်လက် ရွှေ့လျားနေဟန်ရှိသည်ဟု ဆိုသည်။

ခန့်မှန်း

ဆောင်းဦးရာသီကာလတွင် ငှက်များသည် တောင်ဘက်နှင့် အနောက်ဘက် အရပ်များဆီသို့ ဆောင်းခိုရန် ပျံသန်းလေ့ရှိကြသည်။ သို့ဖြစ်၍ ထိုငှက်များနှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါသည် အဇာဘိုင်ဂျန်၊ အီရန်၊ အီရတ်၊ ဂျော်ဂျီယာ၊ ယူကရိန်းနှင့်မြေထဲပင်လယ်ဒေသ နိုင်ငံများဆီသို့ ရောက်ရှိပျံ့နှံ့သွားနိုင်သည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူများက ခန့်မှန်းတွက်ဆထားကြောင်း ရုရှားမှရောဂါဗေဒပညာရှင် ဂျင်နာဒီ အော်နစ်ချင်ကိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၈၆၀ ထက်မနည်းရှိပြီ

ဝါရှင်တန် ဩဂုတ် ၁၇

အီရတ်စစ်ပွဲ ၂၀၀၃ခုနှစ် မတ်လကစတင်ဖြစ်ပွားခဲ့ပြီးသည့်နောက် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၇ရက် ဗုဒ္ဓဟူးနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၈၆၀ထက်မနည်း သေဆုံးခဲ့ပြီးဖြစ်ကြောင်းဖြင့် အေပီသတင်းဌာနက ဖော်ပြသည်။ တပ်ဖွဲ့ဝင် ၁၄၄၀ ထက်မနည်းသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်က ထုတ်ပြန်သည့်စာရင်းများအရ သိရှိရသည်။ ယင်းစာရင်းများတွင် စစ်ဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော အရပ်သား သေဆုံးသူ ငါးဦး အပါအဝင်ဖြစ်သည်။

အေပီသတင်းဌာနက ထုတ်ပြန်သည့်စာရင်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းထက် ခြောက်ဦးပိုမိုသည်။

ဗြိတိသျှ စစ်ဘက်က တပ်ဖွဲ့ဝင် ၉၃ဦး၊ အီတလီ ၂၆ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ဒိန်းမတ်၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတပ်ဖွဲ့ဝင် တစ်ဦးစီ သေဆုံးကြောင်း ဖော်ပြခဲ့ကြသည်။

အမေရိကန်သမ္မတ ဘုရှ်က အီရတ်နိုင်ငံတွင် အထင်ကရ တိုက်ခိုက်မှုများ အဆုံးသတ်ခဲ့ပြီဟု ၂၀၀၃ခုနှစ် မေ ၁ရက်က ကြေညာခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၂၁ ဦးသေဆုံးခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။ ယင်းတပ်ဖွဲ့ဝင်များအနက်မှ တပ်ဖွဲ့ဝင် ၁၃၃၁ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပနားမားမှ ကာရစ်ဘီယံဒေသရှိ မာတင်နစ်ကျွန်းသို့အသွား ပျက်ကျသွားသည့် ဗင်နီဇွဲလား လေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ် အပျက်အစီး အပိုင်းအစများကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝါခေါင်လနှင့် မေတ္တသုတ်

ဦးကျော်စိန် (မွေး/ရေ)

မြတ်စွာဘုရားသခင်သည် **မေတ္တသုတ်တရားတော်**အား ရဟန်းတော်ငါးရာကို အကြောင်းပြု၍ **ဝါခေါင်လ**၌ ဟောကြားတော်မူပါသည်။ မြတ်ဗုဒ္ဓသည် ကောသလတိုင်း သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောကာလ၏ တစ်ခုသောဝါဆိုဦးတွင် ရဟန်းတော် ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို တောင်းခံ၍ တောအုပ်တစ်ခုသို့ဝင်ပြီး ဝါကပ်ကာ တရားအားထုတ်ကြပါသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်အချို့က အမျိုးမျိုး ခြောက်လှန့်ကြသဖြင့် တရားကို ဖြောင့်အောင်နှလုံးမသွင်းနိုင်ကြဘဲ ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်သွားကြပါသည်။

မြတ်စွာဘုရားသခင်က ရဟန်းများကို စစ်မေးတော်မူပြီး နတ်တွေကို မိတ်ဖွဲ့ကြောင်း အကျင့်ကောင်းကို သင်ယူသွားကြရန် မိန့်ကြားတော်မူသည်။ မိတ်ဆွေဖွဲ့ကြောင်း အကျင့်ကောင်းမှာ **မေတ္တာတရား** သာလျှင်ဖြစ်သည်ဟု မိန့်ကြားတော်မူကာ **မေတ္တသုတ်** ကို ဟောကြားတော်မူ၏။ ရဟန်းငါးရာတို့သည် ထိုတောအုပ်သို့ပင် ပြန်သွားကြရပါသည်။ တောအုပ်သို့မဝင်မီ မေတ္တာပွားကြသည့်အတွက် ယခင်အခါက ခြိမ်းခြောက်လွှတ်ခဲ့သည့် နတ်များသည် ကျောင်းသား၊ ကပ္ပိယ၊ တပည့်များကဲ့သို့ ရဟန်းများကို ပြုစုလုပ်ကျွေးကြပါသည်။ နတ်များ အစောင့်အရှောက်ဖြင့် ရဟန်းငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါဆိုဝါကပ်ပြု၍ တရားအားထုတ်ကြရာ ဝါတွင်းမှာပင် ရဟန္တာများအဖြစ်သို့ ရောက်ရှိကြပါသည်။

မေတ္တာ ဆိုသည်ကို အဘိဓမ္မာတွင် တရားကိုယ်အားဖြင့် **အဒေါသ** စေတသိက်ဟူ၍ ဆိုပါသည်။ အမျက်မထွက်ခြင်း၊ စိတ်မဆိုးခြင်း၊ မဖျက်ဆီးခြင်း၊ မနှောင့်ယှက်ခြင်း၊ ရန်မပြုခြင်းစသည့် အဓိပ္ပာယ်ရ၏။ **မေတ္တာတရား** ကို ပွားများစီးဖြန်းအားထုတ်နေပါလျှင် **မေတ္တာတရား**၏ တန်ခိုးသတ္တိ အရှိန်အဝါကြောင့် မကောင်းဆိုးဝါးသတ္တဝါများသည် ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်အောင် ခြောက်လှန့်နှောင့်ယှက်ခြင်း မပြုနိုင်ကြပါ။ **မေတ္တာတရား** ကို အခါမလပ် အထပ်ထပ်ပွားများ အားထုတ်သောသူသည် **မေတ္တာတရား**၏ အရှိန်အစော် အာနုဘော်ကြောင့် ချမ်းသာစွာ အိပ်စက်နိုင်၍ ချမ်းသာစွာအိပ်ရာမှ နိုးရပေသည်။ မည်သည့် မကောင်းသောအနိဋ္ဌာရုံ အမြင်ဆိုးကိုမျှလည်း မမြင်မက်ရနိုင်ပါ။ ဤသို့သော ဂုဏ်ကျေးဇူးအမျိုးမျိုး၊ တန်ခိုး အာနိသင်အဖုံဖုံတို့နှင့် ပြည့်စုံသော မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းရန် မေတ္တသုတ် ပရိတ်တော်တွင် ဟောကြားထားပေသည်။

မေတ္တသုတ် တရားတော်တွင် တောရပ်မှီ ရဟန်းငါးရာတို့အား မြတ်ဗုဒ္ဓက မေတ္တာဘာဝနာ ပွားများအားထုတ်မည့် ပုဂ္ဂိုလ်သည် ရှေ့ပြေးအကျင့်များကိုကျင့်ရန် ဟောကြားသည်မှာ–

လုံ့လစွမ်းရည် ပြည့်စုံရမည်၊ ကိုယ်နှုတ်ဖြောင့်မတ်ရမည်၊ စိတ်နေစိတ်ထား ဖြောင့်မတ်ရမည်၊ ဆိုဆုံးမ လွယ်ရမည်၊ စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ မာန်မာန မထောင်လွှားရ၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်ရမည်၊ မွေးမြူလွယ်ရမည်၊ အမှုကိစ္စနည်းပါးရမည်၊ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှုရှိရမည်၊ ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်းမရှိရ၊ ဒါယကာတို့၌ တပ်မက်မှု ကင်းရမည်၊ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို အနည်းငယ်မျှ မပြုကျင့်ရာ တို့ဖြစ်ပါသည်။

မေတ္တာ၏ အဒေါသလက္ခဏာကို ပိုမို၍ထင်ရှားပေါ်လွင်စေရန်အနေဖြင့် မိခင်သည်ရင်၌ဖြစ်သော တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ သတ္တဝါအားလုံး၏အပေါ်တွင် အမျက်ထွက်ခြင်း အလျဉ်းမရှိ၊ မကောင်းဖြစ်လိုခြင်း လုံးဝကင်းပြီး ကောင်းကျိုးချမ်းသာချည်းသာ ဖြစ်စေချင်သော မိခင်စိတ်ထားမျိုးထားရမည်ဟု ဟောကြားတော်မူပါသည်။

မေတ္တသုတ် ၏နိဂုံးတွင် ဗုဒ္ဓသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိနှင့်နေခြင်းကို မြတ်သောနေခြင်း **ဗြဟ္မဝိဟာရ** ဟုခေါ်ကာ ထိုမေတ္တာကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းသောသူသည် သက္ကာယဒိဋ္ဌိသို့လည်း မကပ်မူ၍ လောကုတ္တရာသီလရှိသည်ဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်ပြီး ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌တစ်ဖန် **ပဋိသန္ဓေ** နေခြင်းသို့ မရောက်တော့ပေဟု ဟောကြားတော်မူပါသည်။

ဤကမ္ဘာလောကကြီးတွင် စွမ်းအားအထက်မြက်ဆုံးနှင့် အင်အားအကြီးမားဆုံးတရားသည် **မေတ္တာတရား** သာလျှင် ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရားက မေတ္တာ စွမ်းအားကြီးမားပုံ အကျိုးများကို **ဝေလာမသုတ်** တွင် အဆင့် ၁၀ ဆင့်ခွဲခြားပြီး ဟောကြားထားတော်မူပါသည်–

(၁) ထမင်းရေချောင်းစီးအောင် လှူဒါန်းခဲ့သော ဘုရားအလောင်း ဝေလာမပုဏ္ဏားကြီး၏ အလှူဒါနမျိုးထက် **သောတာပန်** တစ်ဦးကို လှူဒါန်းရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၂) **သောတာပန်** ၁၀၀ ကို လှူရခြင်းထက် **သကဒါဂါမ်** တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၃) **သကဒါဂါမ်** ၁၀၀ ကို လှူရခြင်းထက် **အနာဂါမ်** တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၄) **အနာဂါမ်** ၁၀၀ ကို လှူရခြင်းထက် ရဟန္တာတစ်ပါးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၅) **ရဟန္တာ** ၁၀၀ ကို လှူရခြင်းထက် **ပစ္စေကဗုဒ္ဓါ** တစ်ပါးကိုလှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၆) **ပစ္စေကဗုဒ္ဓါ** အဆူ ၁၀၀ ကို လှူရခြင်းထက် **သမ္မာသမ္ဗုဒ္ဓဘုရား** တစ်ဆူကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၇) **သမ္မာသမ္ဗုဒ္ဓဘုရား** တစ်ဆူကို လှူရခြင်းထက် **ဘုရား အမှူးပြုသော သံဃာတော်** များကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၈) **ဘုရားအမှူးပြုသော သံဃာတော်** များကို လှူရခြင်းထက် **အရပ်လေးမျက်နှာမှ သံဃာတော်**ကို ရည်စူး၍ ကျောင်းဆောက်လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၉) **အရပ်လေးမျက်နှာမှ သံဃာတော်** ကို ရည်စူး၍ ကျောင်းဆောက်လှူရခြင်းထက် သရဏဂုံသုံးပါးကို ဆောက်တည်ခြင်း၊ ငါးပါးသီလကို စောင့်ထိန်းခြင်းက သာလွန်၍ အကျိုးကြီး၏။

(၁၀) **သရဏဂုံဆောက်တည်ခြင်းနှင့် ငါးပါးသီလ** ကို စောင့်ထိန်းခြင်းထက် **နို့သာတစ်ရှုခန့်မျှ အချိန်ပိုင်းလောက် မေတ္တာပွားများခြင်း** က သာလွန်၍ အကျိုးကြီး၏။

ဟူ၍ ဟောကြားထားတော်မူရာ စွမ်းအားကြီးမား၍ အကျိုးများသော **မေတ္တာတရား** ကို ပွားများကြပါရန် နှိုးဆော်ရပါတော့သည်။ ။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပျဉ်းမမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏမြို့နေ အလှူရှင်ဦးသိန်းဟန်(ဒေါ်သန်းရီ)နှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ်သုံးသိန်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန် (၃) သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၃) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သာယာ/စည်းကမ်းအဖွဲ့ခေါင်းဆောင် ဦးချစ်မောင် (U.C.M) မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းရှင်များ ပူးပေါင်း၍ စက်မှုဇုန်အတွင်း ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ရေနုတ်မြောင်းအတွင်းမှ ရွှံ့ညွန်များ၊ အမှိုက်များကို ဆယ်ယူရှင်းလင်းကြပြီး ကင်းတားလမ်း၊ လောပိတလမ်း၊ ဟိန္ဒားလမ်းမများခင်းနိုင်ရန် ဆောင်ရွက်လျက်ရှိရာ စက်မှုဇုန် (၃) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကော်မတီဝင်များက အားပေးကြသည်။ **(အောက်ပုံ)** (က–ပ)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်သည် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေး အထွေထွေမန်နေဂျာ ဦးအေးဝင်းနှင့်အတူ ဩဂုတ် ၁၄ရက်တွင် ပဲခူးတိုင်း ပဲခူးမြို့နှင့် တောင်ငူမြို့များတွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း (သစ်ထုတ်ရေးဌာန)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၀၅–၂၀၀၆ ခုနှစ် ကျွန်းနှင့် သစ်မာလျာထားသတ်မှတ်ချက်အပေါ် အချိန်မီထုတ်လုပ်နိုင်ရန်အတွက် ကျွန်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများ၊ တရားမဝင် သစ်ထုတ်ယူခြင်းများ တားဆီးကာကွယ်ခြင်းလုပ်ငန်းများ၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းပါ ရာသီအလိုက် ဆောင်ရွက်ရန်လုပ်ငန်းရပ်များအပေါ် အချိန်မီဆောင်ရွက်ရန် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၁၅ရက်နှင့် ၁၆ရက်များတွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၏ သစ်တော သုတေသနလုပ်ငန်းရပ်များဖြစ်သော သစ်မျိုးစုံ စမ်းသပ်ကွက်များ၊ ဝါးမျိုးစုံ စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကျွန်းမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် သစ်စေ့စုဆောင်းရန် ဇရိယာသတ်မှတ် တည်ထောင်ရန်ကိစ္စရပ်များ၊ မိုးရာသီသစ်ပင်များ စိုက်ပျိုးပြီး ပျိုးဥယျာဉ်များကို ပြုပြင်မွမ်းမံရန်နှင့် ထပ်မံပျိုးထောင်ရန်ကိစ္စရပ်များကို လှည့်လည်စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မော် လ မြိုင် မြို့နယ်အေးချမ်းသာ ယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး ကျင်းပသော တေ ရ သ မ အကြိမ် (၁၃ကြိမ်) မြန်မာ့ ရိုးရာယဉ် ကျေး မှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၁၄ ရက် က ရွှေမြိုင်ခန်းမတွင် ကျင်းပရာ အဖွဲ့ဝင် (၁) ဒုတိယ ရဲမှူးသိန်းနိုင် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၁၇)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်လျားလမ်းနေ သုခုမအမေ နန်း မိသားစုတို့က မင်းကွန်း တောင်ရိုးမိုးမိတ် ကုန်းမြေ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ပူဇော်ပွဲတော် အတွက် အလှူငွေ ကျပ်နှစ်သိန်းကို တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေ (သံအမတ်ကြီး–ငြိမ်း)နှင့် တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ကွယ်လွန်သူ မိခင်ဒေါ်ငွေရင်၊ အစ်မ ဒေါ်သိန်းမြင့်တို့အား ရည်စူး၍ ဦးငွေထွန်း၊ ဒေါ်ခင်နှင်းသစ်(သမီး) ဒေါ်သဇင်ထွန်း မိသားစုတို့က ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး အသင့်အတင့်ရွာမည်။

ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုမြှင့်တင်လျက်ရှိ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိရာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေ ဆည်မြောင်းတာတမံ ၁၇၆ ခု တည်ဆောက်ပေးပြီး လယ်သမား၊ ယာသမားများအတွက် ပံ့ပိုးအကျိုးပြုခဲ့

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၃ရက် မွန်းလွဲ ၁နာရီတွင် ယင်းမာပင်မြို့နယ် ပေပင်စုကျေးရွာသို့ ရောက်ရှိပြီး ပေပင်စုကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ ပေပင်စု၊ မင်းကန်ကြီး၊ သဲကုန်း၊ သီးကုန်း၊ မင်းကန်ထိုက်၊ လက်ပန်ပင်၊ မုန်းပစ်စု၊ ကျေးစု၊ ညောင်ပင်ကြီး(အရှေ့)၊ ညောင်ပင်ကြီး(အနောက်)၊ ညောင်ပင်ကြီး(တောင်)၊ ညောင်ပင်ကြီး(မြောက်)ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိ ရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၈၇၀ ခန့်နှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ယင်းမာပင်မြို့နယ် မင်းကန်ကြီးကျေးရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၄၃၀၈ စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးဇော်ဇော်အောင်က ပေးအပ်ရာ အသင်း ဗဟိုအတွင်းရေးမှူးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မင်းကန်ကြီး ကျေးရွာအုပ်စုမှ ကျေးရွာပြည်သူများအတွက် ဆပ်ပြာခဲ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စောင်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော ပလတ်စတစ်မိုးကာများ၊ ပလတ်စတစ်ပုံးများ၊ စည်သွတ်အသားဘူးနှင့် ပဲဘူးများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ယင်းမာပင်မြို့နယ် စိမ်းလန်းသစ်ပင် စာကြည့်တိုက်တို့မှ တာဝန်ရှိသူများက စာအုပ်စာတမ်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျေးရွာအုပ်စုအသီးသီးမှ ကိုယ်စားလှယ်များက လက်ခံကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၃ ရက်က ယင်းမာပင်မြို့နယ် ပေပင်စုကျေးရွာအုပ်စု ပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အဆိုပါကျောင်းဝင်း အတွင်း၌ ပြုလုပ်သည့် မင်းကန်ကြီးကျေးရွာအုပ်စု ပေပင်စုကျေးရွာ ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့်ပွဲကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များ တက်ရောက်ချီးမြှင့် အားပေးကြပြီး ဖွင့်ပွဲအပြီးတွင် ရောင်ခြည်သစ်စာကြည့်တိုက် အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းဩဂုတ် ၁၅ရက်ကစစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် ပုလဲမြို့နယ်မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲတွင် ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယင်းမာပင်မြို့နယ် မင်းကန်ကြီးကျေးရွာအုပ်စု ပေပင်စုကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြည်သူလူထုနှင့်တွေ့ဆုံပွဲ၌ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ၏ အခြေအနေမှန်များကို သိရှိနိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရန် အကြံပေးသင့်သည်များကို အကြံပေးနိုင်ရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အထူးဦးစားပေး မြှင့်တင်လျက်ရှိကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ပညာတတ်များ များများပေါ်ထွန်းလာရန် အားပေးဆောင်ရွက်နေကြောင်း၊ မိဘများကလည်း မိမိ၏ကလေးများကို ပညာသင်ကြားပေးရန် တာဝန်ရှိကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော် ရှိရာ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်အစိုးရ တာဝန်ယူသည့် ၁၀နှစ်ကျော်ကာလအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆည်မြောင်းတာတမံပေါင်း ၁၇၆ ခုကို တည်ဆောက်ပေးခဲ့ပြီး ယာသမား၊ လယ်သမားများအတွက် ပံ့ပိုးအကျိုးပြုဆောင်ရွက်ပေးခဲ့ကြောင်း။

ပူးပေါင်းပါဝင်

နိုင်ငံတော်အစိုးရက အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးမှုများ အပါအဝင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကို ရာခိုင်နှုန်းပြည့်နီးပါး တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများအပေါ်မှီပြီး ပြည်သူများ စုပေါင်း၍ ပူးပေါင်းပါဝင်ကြိုးပမ်းပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အခက်အခဲမျိုးစုံနှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ နှောင့်ယှက်ဟန့်တား ပိတ်ဆို့မှုမျိုးစုံကြားထဲမှ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နယ်ချဲ့တို့က အင်အားသုံးပြီး တိုင်းပြည်သိမ်းကာ ကျွန်ပြုသည့်စနစ်ကို ယခင်က ကျင့်သုံးခဲ့ကြောင်း၊ ယခုအခါ နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ပြီး ဩဇာခံများမွေးကာ ခေတ်သစ်ကျွန်ပြုနည်းကို ကျင့်သုံးနေကြောင်း၊ ထိုနည်းဖြင့် ကျွန်ပြုခြင်းမခံရလေအောင် အထူးသတိပြုရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် ပြည်သူများက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် အသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲ အခြေခံပညာ အထက်တန်းကျောင်း၏ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ ပေးအပ်သည်။

ဆက်လက်၍ ပုလဲ အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ကြည်သာ ခန်းမ၌ စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် ပုလဲမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း တာဝန်ကျေပွန်စွာ စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်၏အား၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများ၏အား၊ ပြည်သူလူထု၏အားစသည့် အား သုံးအားဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့အနက် ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများ၏ အားမှာ အဓိကပါဝင်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ဘိုင်အိုဂက်(စ်)နှင့် လေရဟတ်အားပြု လေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ၍ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာများ မြင့်မားရေးတို့အတွက် အပင်ပန်းခံ၍ ဆောင်ရွက်ပေးစေလိုကြောင်း၊ ယနေ့နိုင်ငံတကာတွင် နည်းပညာမယှဉ်နိုင်လျှင် မိမိတို့နိုင်ငံ ခေတ်နောက်ကျသွားနိုင်သဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ စေတနာထက်သန်စွာ ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းဩဂုတ် ၁၅ရက်က ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ငွေကျပ် သုံးသိန်းကို မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ချိုချိုအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ICT နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ရန်ကြိုးပမ်း ရန်ကုန် MICT Park နှင့် အမြဲဆက်စပ် ညှိနှိုင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေး MICT Park အစည်းအဝေးခန်းမ၌ မန္တလေး MICT Park ဖွံ့ဖြိုးတိုးတက်ရေး၊ ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

✧ **ရွှေဖုံးမှ**

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ဒါရိုက်တာအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အစည်းအဝေးခန်းမ၌ ဒါရိုက်တာအဖွဲ့ဝင်များအား ထပ်မံတွေ့ဆုံ၍ MICT Park ဖွံ့ဖြိုးတိုးတက်ရေး၊ ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်း၍ Data Centre , Public Access Centre တို့ကို ထူထောင်ပြီး လုပ်ငန်းများကို တိုးချဲ့နိုင်အောင် ကြံစည်ကြိုးပမ်းရန်နှင့် ရန်ကုန် MICT Park နှင့်လည်း အမြဲဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

စစ်ဆေးအားပေး

ထို့နောက် Computer Hardware လုပ်ငန်းများ၊ Software လုပ်ငန်းများ၊ သင်တန်းများဖွင့်လှစ်ခြင်း၊ နည်းပညာဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီရုံးခန်းများ၊ သင်တန်းခန်းများ၊ ခေတ်မီစက်ပစ္စည်း အသုံးပြုဆောင်ရွက်နေမှုများကို လည်းကောင်း၊ Cyber Square Internet Cafe ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မြစ်ငယ်တံတား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်အကြား ရန်ကုန် – မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတားတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြစ်ငယ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မှာကြားကြပြီး မြစ်ငယ်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်ငယ်တံတားမှာ ခြောက်လမ်းသွားတံတားဖြစ်ပြီး ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကာ မကြာမီ ဖွင့်လှစ်မည့်တံတားကြီးဖြစ်သည်။

ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် မန္တလေးစက်မှုဇုန်မှတစ်ဆင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးဝေနိုင်ရန် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဇော်ဂျီရေလှောင်တမံနှင့် ဆက်စပ်သည့် ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းကိုပါ ရေကူရေလှောင်တမံအဖြစ် ဆောင်ရွက်သွားရန် စီစဉ်ထားမှုများကိုလည်းကောင်း မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိသည့် စီမံကိန်းများအခြေအနေကို မေးမြန်းရာ ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့က ရှင်းလင်းတင်ပြကြသည်။

စတင်ဆောင်ရွက်ရန်မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံတည်ဆောက်ရာ၌ လုပ်ကိုင်ဆောင်ရွက်သွားမည့် နည်းစနစ်များ၊ ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်ပုံ၊ မိတ္ထီလာလွင်ပြင်သို့ ရေခွဲဝေဖြန့်ဖြူးမည့် အခြေအနေများကို မေးမြန်း၍ စီမံကိန်းလုပ်ငန်းများကို အသေးစိတ် တိုင်းတာမှုများပြုလုပ်ပြီး လာမည့်

ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများ
ကြရန် မှာကြားသည်။

အကောင်အထည်ဖော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့
ဆောက်ပြီးဖြစ်သည့် ဇော်ဂျီမြစ်ပေါ်ရှိ ဇော်ဂျီရေလှော
ရေနှင့် ယင်းရေလှောင်တမံနှင့် ယခုတည်ဆောက်
ရေလှောင်တမံစီမံကိန်းအကြားရှိ ရေဆင်းဧရိယာ
ခါးရေများကို ထိရောက်စွာ စုစည်းအသုံးချလျက်
စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးနှင့် ခြောက်သွေ့ဒေ
လွင်ပြင်တစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည်လာရေးတို့အ
စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွ

ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်မည့် ဇော်ဂျီ(မြ
မှာ တမံအလျားပေ ၂၆၅၀၊ တမံ အမြင့် ၂၈၂ပေ
အမျိုးအစားဖြစ်သည်။ ဇော်ဂျီ(မြို့ကြီး)ရေလှောင်

ရေပြင်ကျယ်ဧရိယာမှာ ၄၀၅၅ဧကရှိမည်ဖြစ်ပြီး
ပမာဏမှာ ဧကပေ ၄၈၀၅၈၀ရှိမည် ဖြစ်သည့်အပြင်
ပူးတွဲထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ

ထို့ပြင် ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်း
မြို့နယ် နန်းအက်ချောင်းပေါ်၌ တည်ဆောက်မ
တမံစီမံကိန်းဖြစ်ပြီး ဇော်ဂျီရေလှောင်တမံသို့ ရေကူ
ရေရရှိမှုပိုမိုသေချာပြီး မိတ္ထီလာလွင်ပြင် စိမ်းလ
အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့
(မြို့ကြီး)ရေလှောင်တမံစီမံကိန်းမှ မိတ္ထီလာမြို့သ
ထွက်ခွာ၍ ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံမှ
ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စိုက်ပျိုးရေရရှိရေးစီ
ကြည့်ရှုကြသည်။

ယင်းနောက် မိတ္ထီလာမြို့သို့ မွန်းလွဲပိုင်း
မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့်
ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြို

မိတ္ထီလာလွင်ပြင်တစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည်လာရေး

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သည့် ဇော်ဂျီရေလှောင်တမံမှ ပေးဝေသောရေနှင့် ယခုတည်ဆောက်မည့် ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံစီမံကိန်းအကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းသောခါးရေများကို ထိရောက်စွာ စုစည်းအသုံးချလျက် မိတ္ထီလာလွင်ပြင်သို့ စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးနှင့် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည် လာရေးတို့အတွက် ရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်။

စဉ့်ကိုင်နှင့် အမရပူရ
ခြောက်လမ်းသွားတ

စဉ့်ကိုင်နှင့် အမရပူရအကြား ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ်၌ မြစ်ငယ်တံတားတည်ဆောက်နေ

ခြောက်လမ်းသွားတံတားဖြစ်ပြီး ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကာ မကြာမီဖွင့်လှစ်မည်

ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရန် မှာကြားသည်။

အကောင်အထည်ဖော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သည့် ဇော်ဂျီမြစ်ပေါ်ရှိ ဇော်ဂျီရေလှောင်တမံမှ ပေးဝေသော ရေနှင့် ယင်းရေလှောင်တမံနှင့် ယခုတည်ဆောက်မည့် ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံစီမံကိန်းအကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းသော ခါးရေများကို ထိရောက်စွာ စုစည်းအသုံးချလျက် မိတ္ထီလာလွင်ပြင်သို့ စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးနှင့် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည်လာရေးတို့အတွက် ရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်မည့် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံမှာ တမံအလျားပေ ၂၆၅၀၊ တမံ အမြင့် ၂၈၂ပေရှိမည့် မြေသားတမံ အမျိုးအစားဖြစ်သည်။ ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံ၏ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၄၀၅၅ဧကရှိမည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၄၈၀၅၈၀ရှိမည် ဖြစ်သည့်အပြင် ရေအားလျှပ်စစ်ကိုပါ ပူးတွဲထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ

ထို့ပြင် ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်းမှာလည်း ရပ်စောက်မြို့နယ် နန်းအက်ချောင်းပေါ်၌ တည်ဆောက်မည့် ရေကူရေလှောင်တမံစီမံကိန်းဖြစ်ပြီး ဇော်ဂျီရေလှောင်တမံသို့ ရေကူရေဖြည့်သွားခြင်းဖြင့် ရေရရှိမှုပိုမိုသေချာပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံစီမံကိန်းမှ မိတ္ထီလာမြို့သို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာ၍ ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံမှ မိတ္ထီလာမြို့အကြား ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စိုက်ပျိုးရေရရှိရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုကြသည်။

ယင်းနောက် မိတ္ထီလာမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

သင်ကြားပို့ချ

ယင်းနောက် အစည်းအဝေးခန်းမ၌ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးသန်းဆွေက မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုနှင့် ဆရာ၊ဆရာမအင်အား၊တက္ကသိုလ်၌ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ အဆောက်အအုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးတို့က သင်ကြားရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းကာ ပြုပြင်ဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမ၊ e-Education Learning Centre၊ e-Education Resource Centre၊ Computer Training Centre၊ Language Lab တို့ကိုလည်းကောင်း၊ စာသင်ဆောင်များနှင့် စာသင်ခုံပရိဘောဂများ ပြည့်စုံမှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆရာမများအိပ်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✡



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်အကြား ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ်၌ တည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံ

☆ **ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်မည့် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံ မှာ တမံအလျားပေ ၂၆၅၀၊ တမံ အမြင့် ၂၈၂ပေရှိမည့် မြေသားတမံ အမျိုးအစားဖြစ်။ ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ၏ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာမှာ ၄၀၅၅ဧကရှိမည်ဖြစ်ပြီး ကန် ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၄၈၀၅၈၀ရှိမည် ဖြစ်သည့်အပြင် ရေအားလျှပ်စစ်ကိုပါ ပူးတွဲထုတ်လုပ်နိုင်မည်ဖြစ်။**

ကျိုင်းခမ်းရေလှောင်တမံ

☆ **ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်းမှာလည်း ရပ်စောက်မြို့နယ် နန်းအက်ချောင်းပေါ်၌ တည်ဆောက်မည့် ရေကူရေလှောင် တမံစီမံကိန်းဖြစ်ပြီး ဇော်ဂျီရေလှောင်တမံသို့ ရေကူ ရေဖြည့်သွားခြင်းဖြင့် ရေရရှိမှုပိုမိုသေချာပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို ပိုမို အထောက်အကူပြုသွားနိုင်မည်။**

ယခုနှစ် မန္တလေးတိုင်းတွင် မိုးစပါးဧက ရှစ်သိန်းကျော်နှင့် နွေစပါးဧက နှစ်သိန်းခန့် စိုက်ရန်လျာထား စပါးအပါအဝင် အခြားသီးနှံများအတွက် စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ပေးသွားမည်

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် အဆင့်များခွဲခြား၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က မန္တလေးတိုင်းအတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စိုက်ပျိုး မြေဧက ၅၃၉၀၀၀ကျော်သို့ စိုက်ပျိုးရေပေးဝေနိုင်လျက်ရှိပါကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၅၅၅၀၀၀ကျော်သို့ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ရန် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းအနေဖြင့် ယခုနှစ်တွင် မိုးစပါးဧကရှစ်သိန်းကျော်နှင့် နွေစပါး ဧကနှစ်သိန်းခန့် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ စပါးအပါအဝင် အခြားသီးနှံများအတွက် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နည်းလမ်းအသွယ်သွယ်

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက်လည်း ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း၊ ကျိုင်းခမ်းရေလှောင်တမံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ကျင်းပသည့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို မြေပုံများဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၏ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်မှုများကို မိမိတို့ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

မိတ္ထီလာမြို့သို့မလာမီကလည်း မိတ္ထီလာလွင်ပြင် စိမ်းလန်း စိုပြည်ရေးအတွက် ရေပေးနိုင်မည့် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံ စီမံကိန်းလုပ်ငန်းနှင့် အခြားစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့က စီမံချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့နေသည့် လုပ်ငန်းများ၊ ပြည်သူ့အကျိုးကို တိုက်ရိုက်ဖြစ်ထွန်းစေသည့် လုပ်ငန်းများဖြစ်၍ လုပ်ငန်းများကို



✡ **စာမျက်နှာ ၉ မှ**

အစည်းအဝေးသို့တက်ရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲ များ၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ တက်ရောက်ကြသည်။

တည်ဆောက်ရေးစီမံကိန်းများအပါအဝင် ဖြစ်နိုင်သည့်နည်းလမ်းအသွယ်သွယ်ဖြင့် ဘက်စုံထောင့်စုံက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးဇော်မင်း မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊အသင်းဝင်များအားတွေ့ဆုံမှာကြားစဉ်။(သတင်းစဉ်)

သေချာအောင်မြင်အောင်၊ ရေရရှိမှုသေချာအောင် အထူးဂရုပြုလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့် ဘဝမှာ စေတနာနှင့် ယှဉ်တွဲလိုက်လျှင် အင်မတန်မြင့်မြတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဒေသအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးများကို တာဝန်သိသိ၊ သစ္စာရှိရှိ၊ သမာဓိရှိရှိ၊ စေတနာရှိရှိဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်လုပ်ကိုင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၀ မှ

ညပိုင်းတွင် တည်းခိုရာရိပ်သာခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ထပ်မံတွေ့ဆုံ၍ မိတ္ထီလာဒေသ ရေရရှိရေးလုပ်ငန်းများ၊ မြင်းခြံခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်းပြီး အသေးစိတ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်ချုပ်အောင်မင်းတို့သည် ဩဂုတ်၁၆ရက် ညပိုင်းတွင် မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်း ရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၈

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas **သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။**

ထို့နောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas သည် ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေး ကိုယ်စားလှယ်ရုံးမှ ပြည်ပဆက်ဆံရေးအရာရှိ Ms. Elizabeth Noorthy တို့ တက်ရောက်ကြသည်။

ညပိုင်းတွင် ဝန်ကြီးဦးဉာဏ်ဝင်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

အရုဏ်ဆွမ်းလောင်းလှူနိုင်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃဒါန ဆွမ်းလောင်းအသင်းသည် ဝါတွင်းကာလ သံဃာတော်အပါး ၁၀၀၀နှင့် သီလရှင်အပါး ၁၀၀ တို့ကို တနင်္လာနေ့ နံနက်တိုင်း အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ (၁၇)ကြိမ်မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၂၅ ရက် တနင်္လာနေ့တွင် စတင်လောင်းလှူခဲ့ပြီးဖြစ်သည်။

လှူဒါန်းလိုသော စေတနာရှင်များ အသင်းတည်ရှိရာ အမှတ်(၀၀၁) ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက် ဓမ္မာရုံ ကြည့်မြင်တိုင်မြို့နယ်တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas **သွားရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

မလွန်ဆန်လှူအသင်း ဝါတွင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့၏ ဝါတွင်းဓမ္မသဘင် တရားပွဲများကို စမ်းကြီးဝရပ်ကွက်၊ လမ်းသစ်လမ်း၊ ဇေယျာသီရိကျောင်းတိုက်တွင် ဩဂုတ် ၂၁ ရက်မှ ၃၀ ရက်အထိ ညစဉ် ၇ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ဦးဇဋိလ (မဟာဓမ္မကထိက)၊ ဦးကဝိဇောလင်္ကာရ (မဟာဂန္ဓာရုံ)၊ ဦးကောသလ္လ(မဟာဓမ္မာစရိယ)၊ မှော်ဘီဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဦးပညာဝံသ (ပုပ္ပားစကားဝါမြေ)၊ ဦးနန္ဒိယ (မကွေး)၊ မုဒုံဓမ္မဒူတ ဦးကောသလ္လ၊ ဦးကုသလ (ပျော်ဘွယ်)၊ မုဒုံဓမ္မဒူတ ဝနဝါသီ အရှင် ဝါသေဋ္ဌာဘိဝံသနှင့် ဦးစန္ဒောဘာသ (မလွန်ဩဝါဒါစရိယ)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ ဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့်ဆေးဝါးများဖြစ်၍ ပြည်သူအများသုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ရာဌာန
(၁)	**ကျော်ပန်းနာရင်ကျပ်ပျောက်ဆေး**	ဖျာပုံဆေးတိုက်၊ ပဋ္ဌမလမ်းနှင့် အပြောင်လမ်းထိပ် ဖျာပုံမြို့။
(၂)	**စိန်သော့တံဆိပ်အကိုက်အခဲပျောက်ဆေးမှုန့်**	စိန်သော့ဆေးဝါးထုတ်လုပ်ရေး ၃၇-က၊လမ်း၂၀၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
(၃)	**ကျားခေါင်းအမှတ်တံဆိပ်အပူကျအကိုက်အခဲပျောက်ဆေး**	လိပ်စာဖော်ပြထားခြင်းမရှိပါ။
(၄)	**ဘုရင်မအပူကျဖျားနာကိုက်ခဲပျောက်ဆေး**	လိပ်စာဖော်ပြထားခြင်းမရှိပါ။
(၅)	**ချမ်းအေးဖျားနာကိုက်ခဲပျောက်ဆေး**	၁၄၈၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့။
(၆)	**အဆစ်ပုံတံဆိပ် အဆစ်အမြစ်အကိုက်အခဲပျောက်ဆေး**	ကျောက်ကုန်းထိပ်၊ ရန်ကင်းမြို့နယ်။
(၇)	Pain Cure Powder	လိပ်စာဖော်ပြထားခြင်းမရှိပါ။

ကျန်းမာရေးဝန်ကြီးဌာန

အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်းလူသစ်တန်း ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းအသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မန္တလေးဇုန်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို မန္တလေးတိုင်းမှ ဝေမင်းက ရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၅ (သောကြာနေ့)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိသုတာရုံပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ဟောကြားတော်မူသော "မေတ္တာဓာတ်စွမ်း ကမ္ဘာအေးချမ်းတရားတော်"**
၈:၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀ ၆။ International News.
၈:၄၅ ၇။ Islands of Dhamma
၈:၅၀ ၈။ **ဘဒ္ဒန္တ သောဘဏ(အဘိဓဇ မဟာရဋ္ဌဂုရု)နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။**
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)(အထက ၁၊သန်လျင်) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝင်္ကပါ" (အပိုင်း-၁၀)**
၇:၃၅ ၁၃။ လူနတ်နှစ်လီတစ်ရစ်ဆီ ရွှေနတ်တောင်စေတီ
၇:၄၅ ၁၄။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ"(အပိုင်း-၄)**
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။





ဩဂုတ် ၁၈ ရက်က သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း သမဝါယမဦးစီးဌာန ငွေစုငွေချေးသမဝါယမအသင်း လီမိတက် ၂၀၀၄-၂၀၀၅ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သမဝါယမ)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(၂)အတွင်း ဖြစ်ထွန်းလျက်ရှိသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း စိုက်ပျိုးမွေးမြူရေးအထူးဇုန် ကြည့်ရှုစစ်ဆေး
သတ်မှတ်ထားသည့် ဟင်းသီးဟင်းရွက် ၂၈မျိုးကို မြေကွက်လပ်မကျန် တိုးချဲ့စိုက်ပျိုးရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ အမှတ်(၂) မွေးမြူရေးစခန်းသို့ ရောက်ရှိလာပြီး ကြက်ခြံများအတွင်း ဥစားကြက်ကောင်ရေ ၁၁၀၀၀ ကျော် မွေးမြူဖြစ်ထွန်းလျက်ရှိမှု၊ ကြက်ဆင် ၁၀၁ကောင် မွေးမြူဖြစ်ထွန်းလျက်ရှိမှု၊ ရစ်ကြက်ကောင်ရေ ၂၀၀၀ကျော် မွေးမြူဖြစ်ထွန်းလျက်ရှိမှုနှင့် မြေလွတ်မြေလပ်များ၌ စားပင်၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိလာရာ ဇုန်(၂) ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများက ဇုန်များအတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများပြုပြင်ဆောင်ရွက်လျက်ရှိမှုနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ဇုန်အတွင်း ဇုန်များ တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသည့် ဂဝံလမ်းများ အနက် အချို့လမ်းများသည် မိုးရွာသွန်းမှုနှင့် တန်ချိန်ပို မော်တော်ယာဉ်များ မောင်းနှင်မှုတို့ကြောင့် လမ်းသားပျက်စီးလျက်ရှိနေသဖြင့် ပြုပြင်ရန်လိုအပ်သည့် လမ်းများကို အမြန်ပြုပြင်ကြပြီး ယာဉ်ကြီးများ စည်းကမ်းမဲ့ မောင်းနှင်အသုံးပြုခြင်းမရှိအောင် ကြပ်မတ်ကြစေလိုကြောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဇုန်တာဝန်ခံများအနေဖြင့် ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ အပြည့်အဝ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့ကို ညှိနှိုင်းပေါင်းစပ်၍ ဝိုင်းဝန်းကူညီ ကြရမည်ဖြစ်ကြောင်း၊ ဇုန်မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်အသား၊ ငါးများကို ရန်ကုန်မြို့တော်အတွက် ဖူလုံပါက ပြည်ပသို့ပါ တင်ပို့နိုင်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် ဟင်းသီးဟင်းရွက် ၂၈မျိုးကို မြေကွက်လပ်မကျန် တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း ပြောကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ဇုန်(၂) မျှော်စင်မှနေ၍ ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိသည်များကို ကြည့်ရှုသည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးတွင် ဝန်ကြီးဌာနများ၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက မုန်ညင်း၊ ကိုက်လန်၊ ချဉ်ပေါင်၊ မြင်းခွာရွက်၊ ကညွတ်၊ ဘူး၊ ဖရုံ၊ သခွား စသည့် ဟင်းသီးဟင်းရွက် ၂၈ မျိုးကို စိုက်ပျိုးထားရှိရာ ယနေ့အထိ စုစုပေါင်း ၅၇၆၅ ဧက စိုက်ပျိုးထားရှိပြီး ကြက်မွေးမြူရေးလုပ်ငန်းအနေဖြင့် အသားစားကြက် ၁၀သိန်းကျော်၊ ဥစားကြက် နှစ်သိန်းကျော် မွေးမြူထားရှိ၍ အသားစားကြက် ၁၀ သိန်းကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

ငါးမွေးမြူရေး လုပ်ငန်းအနေဖြင့် ယနေ့အထိ ငါးကန် ၅၁၅ ဧက တူးဖော်ထားရှိ၍ ငါးကောင်ရေ ၁၃ သိန်းကျော် မွေးမြူထားရှိသည်။

(သတင်းစဉ်)

ဖျာပုံတံတား ဒေးဒရဲဘက်ကမ်းရှိ ချဉ်းကပ်တံတားတွင် သံမဏိသံပေါင်ရက်မ တပ်ဆင်နေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

● စာမျက်နှာ ၇ မှ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲအခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် လှူဒါန်းငွေကျပ်သိန်း ၃၀၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေကျပ် ငါးသိန်း၊ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လှူဒါန်းငွေကျပ် သုံးသိန်း၊ ယင်းမာပင်မြို့နယ် အင်ကုန်းအခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ (သတင်းစဉ်)

ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၁၆ရက်တွင် မြောင်းမြ–အိမ်မဲလမ်း၊ ပန်းတနော်–အိမ်မဲလမ်း၊ ရန်ကုန်–ပုသိမ်လမ်းနှင့် ဆားမလောက်–မအူပင်–ကျိုက်လတ်–ဖျာပုံ ကားလမ်းတစ်လျှောက်ရှိ လမ်း၊ တံတားလုပ်ငန်းများအား မိုးတွင်းကာလ ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့ရှိ ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဖျာပုံမြစ်ကို ဇက်ရေယာဉ်ဖြင့် ပင်မတံတားသံပေါင်များပေါ်သို့ ကြိုတင်သွန်းလောင်းပြီးဖြစ်သော သံကူကွန်ကရစ်အခင်းပြားများကို နေရာချထားနေခြင်းနှင့် ဒေးဒရဲဘက်ကမ်းတွင် ချဉ်းကပ်တံတား၏ သံမဏိသံပေါင် ရက်မ(Plate Girder)များအား တပ်ဆင်နေရာအထိုင်ချခြင်းတို့ကို ကြည့်ရှုစစ်ဆေး၍ တံတားရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၇) တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံချက်များအတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖျာပုံတံတားမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ် အမျိုးအစားဖြစ်၍ ပင်မတံတားသည် သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအရှည် ၁၃၇၂ ပေနှင့် ရှစ်လက်မ၊ ဖျာပုံဘက်ကမ်းချဉ်းကပ်တံတားပေ ၁၃၃၀၊ ဒေးဒရဲဘက်ကမ်းချဉ်းကပ်တံတား ၁၂၃၀ပေ စုစုပေါင်းအရှည်၃၉၃၂ပေနှင့် ရှစ်လက်မရှိ၍ ယာဉ်သွားလမ်း အကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးခြင်း တန် ၆၀ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော် ဝန်မင်းလမ်းနေ ဦးပဒေသာတင်၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

ဩဂုတ် ၁၇ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ "ရှုမြင်စမ်းချင်မြန်ပြည်တစ်ခွင်" Multimedia CD Rom အချပ်ရေ ၅၀ ကို Computer Marketing Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းဖေနှင့် ဒါရိုက်တာများက ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (သာသနာရေး)

ဩဂုတ်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဩဂုတ် ၁၈

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုးအခြေအနေများမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်း(အထက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်ရွာပြီး ကျန်ပြည်နယ်နှင့် တိုင်းများတွင် ရွာသွန်းမြဲအောက်ရွာမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀စင်တီမီတာ(ငါးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀စင်တီမီတာ(သုံးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၆၀ စင်တီမီတာ (နှစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ ၅ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၉၀စင်တီမီတာ ၃ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဇမ္ဗူထိန်လင်း ကျောင်းတိုက်တရားပွဲများ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက် ရွှေဘုန်းပွင့်ဘုရားလမ်း ထေရဝါဒ ဗုဒ္ဓသာသနာပြု ဇမ္ဗူထိန်လင်းကျောင်းတိုက် ဗုဒ္ဓဓမ္မဗိမာန်တော်တွင် ဝါတွင်း၊ ဝါပ သီလပေးအနုမောဒနာတရား ဝိပဿနာအလုပ်ပေးတရား၊ သစ္စာတရားများကို ဇမ္ဗူထိန်လင်းဆရာတော် ဘဒ္ဒန္တပညာနန္ဒ(စာချဓမ္မကထိက) မိုးကုတ်ဝိပဿနာ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်သူမြတ်က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဩဂုတ် ၁၄ရက်က အလှူရှင် ရန်ကုန်မြို့နေ ဦးအုန်းလွင်၊ ဒေါ်နွဲ့နွဲ့ရီ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လသာမြို့နယ် သမဝါယမဦးစီးဌာန ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၀၄-၂၀၀၅ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြပြီး အမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ပွဲဆက် ဘဏ္ဍာ/အခွန်အသင်း အနိုင်ရပြီး ကွာတားတက်

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်း -သုံးဂိုး။
(ဇော်ထိုက်၊ မျိုးလှိုင်ဝင်းနှင့် စိုးမြတ်မင်း-တစ်ဂိုးစီ)
ပို့ဆောင်ရေးအသင်း -ဂိုးမရှိ။
ဒိုင်လူကြီး -ဦးဝင်းဦး

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းအနိုင်ရသော်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပို့ဆောင်ရေးအသင်းသည် အုပ်စုတက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ဘဏ္ဍာ/အခွန်အသင်းကို စိတ်ဓာတ်အပြည့်အဝဖြင့် တုံ့ပြန်ကစားသွားခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် တံခွန်အသင်းနှင့် သရေကျထား၍ အုပ်စုတက်ရန်အတွက် ယခုပွဲတွင် အထူးကြိုးစားကစားခဲ့သည်။ ထို့ကြောင့် ပွဲအစ ကိုးမိနစ်မှာပင် ဇော်ထိုက်က အဖွင့်ဂိုးသွင်းယူပြီး ဘဏ္ဍာ/အခွန်အသင်းက ပထမပိုင်းတွင် တစ်ဂိုး အသာဖြင့် ဦးဆောင်နေသည်။

တတိယဂိုး

ဒုတိယပိုင်း၃၉မိနစ်တွင် တိုက်စစ်မှူး မျိုးလှိုင်ဝင်းက ပြစ်ဒဏ်ဘောကို တိုက်ရိုက် ကန်သွင်း၍ ဒုတိယဂိုးသွင်းယူပြီး ၄၄မိနစ်တွင် ရန်ပိုင်ဖြတ်ပို့သော ဘောလုံးကို စိုးမြတ်မင်းက ပိတ်သွင်းယူလိုက်၍ ဘဏ္ဍာ/အခွန်အသင်း တတိယဂိုးရရှိကာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲအပြီးတွင် (ဂ)အုပ်စု၌ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေးအသင်းတို့ ပွဲကုန်သွားပြီဖြစ်ရာ ဘဏ္ဍာအခွန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အုပ်စုတက်သွားပြီး ပို့ဆောင်ရေးအသင်းမှာသုံးပွဲစလုံးရှုံး၍ အမှတ်မရရှိဘဲ အုပ်စုမှ ထွက်ရသည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
ဆောက်လုပ်ရေးနှင့် တံခွန်။
(အောင်ဆန်းကွင်း)
စီးပွားကူးသန်းနှင့်
တပ်မတော်ကြည်း(က)။

(ကြေးမုံ)

ကမ္ဘာ့ဖလား အာရှဇုန် ဘောလုံးခြေစစ်ပွဲ ဂျပန်အသင်းက အီရန်အသင်းကို အနိုင်ရ

ယိုကိုဟားမား ဩဂုတ် ၁၈

၂၀၀၆ခုနှစ် ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အာရှဇုန် ခြေစစ်ပွဲအဖြစ် အုပ်စု(ခ)မှ ဂျပန်အသင်းနှင့် အီရန်အသင်းတို့ ယိုကိုဟားမားမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ အိမ်ရှင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၂၈မိနစ်တွင် ဂျပန်အသင်းမှ ကွင်းလယ်ကစားသမား အာကီရာကာဂျိက အနီးကပ်ကန်သွင်းကာ တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။

ဂျပန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ဒုတိယပိုင်းစတင်ပြီးနောက် မိနစ် ၂၀အကြာတွင် တိုက်စစ်မှူး မာဆာရှီအိုဂူရိုက သွင်းယူခဲ့သည်။

ယင်းနောက်တွင် အီရန်အသင်းမှ တယ်လစ်စမန်းအလီဒါယီက ပိုင်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ နိုင်ငံတကာပွဲပေါင်း ၁၄၁ပွဲ ကစားခဲ့သော အလီဒါယီသည် ၎င်း၏ ၁၀၅ဂိုးမြောက်ဂိုးအဖြစ် ယခုပွဲတွင် ဂိုးသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အလီဒါယီသည် ပထမပိုင်း မကုန်ဆုံးမီတွင် ဂိုးသွင်းရန် အခွင့်အရေး ရရှိခဲ့သော်လည်း ဘောလုံးမှာ ဂိုးတိုင်နှင့်ထိကာ ဂိုးမဝင်ခဲ့ပေ။

အီရန်အသင်းသည် ပြီးခဲ့သည့်မတ်လက မြို့တော် တီဟီရန်တွင်ကျင်းပသောခြေစစ်ပွဲ၌ ဂျပန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ သို့ရာတွင် အဆိုပါနှစ်သင်းစလုံးမှာ အုပ်စုနောက်ဆုံးပွဲအတွက် အင်ပြည့်အားပြည့် လူစုံထုတ်သုံးကာ ကစားခဲ့ခြင်းမရှိပေ။

ဂျပန်အသင်းသည် ခြောက်ပွဲကစားကာ ၁၅မှတ်ရရှိပြီး အုပ်စုတွင် ဦးဆောင်နေပြီး အီရန်အသင်းထက် နှစ်မှတ်အသာရရှိထားသည်။ ဂျပန်အသင်းရော အီရန်အသင်းပါ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၁၇ ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲအဖြစ် ဂျပန်နှင့် အီရန်တို့ ယှဉ်ပြိုင်ကစားရာ ဂျပန်အသင်းမှ မာဆာရှီအိုဂူရိုနှင့် အီရန်အသင်းမှ မိုဟာမက်နိုစရာတီတို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၈

လွန်ခဲ့သော ၂၄နာရီအတွင်း မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း(အောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၉ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီ ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်၊ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅ ခုနှစ် ဩဂုတ် ၁၈ရက် မြန်မာစံတော်ချိန် ၀၁နာရီ ၀၉မိနစ် ၁၀စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၉၆မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

စေတနာနှင့်ယှဉ်တွဲ ကြိုးကြိုးစားစားဆောင်ရွက်

☆ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့် ဘဝမှာ စေတနာနှင့် ယှဉ်တွဲလိုက်လျှင် အင်မတန်မြင့်မြတ်၊

☆ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ဒေသအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးများကို တာဝန်သိသိ၊ သစ္စာရှိရှိ၊ သမာဓိရှိရှိ၊ စေတနာရှိရှိဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်လုပ်ကိုင်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မိတ္ထီလာစီးပွားရေးတက္ကသိုလ် တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိတ္ထီလာ စီးပွားရေးတက္ကသိုလ်

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ စီးပွားရေးတက္ကသိုလ် အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈–၈–၂၀၀၅)

ဝမြို့	၄ဒသမ ၈၈ လက်မ	ဇန်းမော်မြို့	၁ဒသမ ၉၇ လက်မ
ဘားအံမြို့	၂ဒသမ ၁၆ လက်မ	ပျဉ်းမနားမြို့	၁ဒသမ ၀၆ လက်မ
သာယာဝတီမြို့	၂ဒသမ ၀၅ လက်မ	ရွှေဘိုမြို့	၀ဒသမ ၉၁ လက်မ

အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့် မလေးရှား ဗိုလ်လုမည်

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅ခုနှစ် အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ဒေသစံတော်ချိန် ည ၇နာရီတွင် အင်ဒိုနီးရှားနိုင်ငံ Palenbang ၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲ၏ ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် မလေးရှားနိုင်ငံ လူငယ်အသင်းနှင့် လာအိုနိုင်ငံလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားနိုင်ငံ လူငယ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ည ၇နာရီ ၁၅မိနစ်တွင် ဗိုလ်လုပွဲအဖြစ် မြန်မာနိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် မလေးရှားနိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့ အင်ဒိုနီးရှားနိုင်ငံ Palenbang ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)